မိုး မိုး စာပေ



# ဆုလေးနွယ်

(ရန်ကုန်တက္ကသိုလ်)

# ရွှေရောင်သမ်းတဲ့ ချစ်သူ့အပြုံး

နေ့လယ်ခင်းမှာ ပျင်းပျင်းနှင့် တိုက်ထဲလှည့်ပတ် ဆော့ကစားနေရာကနေ စံထားက ခြံထဲသို့ စတင်ပြေးထွက်သွားသည် ။

"မီအောင်လိုက်စမ်းပါ၊ လာလေ"

"စံထား ...မောပြီနော်၊ တော်ပြီ ငါမလိုက်တော့ဘူး"

"မညစ်နဲ့ နော် အမရာ၊ အခု နင်လိုက်အလှည့်ပဲဟာ"

"ဟင့်အင်း ... ငါပြောတာ ဧည့်ခန်းထဲမှာ ပဲ ဆော့မယ်ပြောတာ၊ အခုနင်က ခြံထဲပါဆင်း လာပြီ၊ ဒီလောက်အကျယ်ကြီး မပြေးနိုင်ဘူး၊ ဒါပဲ"

"အိုကေ၊ ဒါဆို ခဏနားမယ်"

အမရာက နေ့လယ်ခင်း အိပ်မိရင် ဝလာမှာ စိုး၍ သူတို့ နှင့်စိန်ပြေးတမ်း ဆော့ကစားဖို့ သဘောတူလိုက်တာ။

အခု အမရာလိုက်ဖမ်းရမည့် အလှည့်ဆိုတော့ ဒီနေရာမှာ ဆော့တာ ရပ်ဖို့ အကောင်း ဆုံးပဲမဟုတ်လား။

စံထား အစ်မကြီးနှင့် သူ့မိဘတွေက ဘုရားဖူးခရီးထွက်သွားကြသဖြင့် စံထားက သူ့သင်တန်းကို မပျက်ချင်တာမို့ အိမ်စောင့်နေခဲ့ပြီး အိမ်ကျယ်ကျယ်ကြီးထဲ သူတစ်ယောက်တည်း မနေရဲသောအခါ အမရာ၊ မယ်ငြိမ်းနှင့် ပုံ့ပုံ့တို့ သုံးယောက်ကို သူနှင့်အဖော်လာနေပေးဖို့ ၊ ညအတူ လာအိပ်ကြဖို့ တောင်းဆိုသဖြင့် အခုလို စံထားတို့ ခြံထဲ အားလုံးစုဝေးရောက်ရှိနေတာပါ။

အမရာတို့ သူငယ်ချင်းခြောက်ယောက်ရှိသည် ။ အားလုံးဘော့တနီနှ င့် ကျောင်းပြီးထားကြတာ။ အုပ်စုထဲမှာ မိန်းကလေးလေးယောက်နှင့် ယောကျ်ားလေးနှစ်ယောက်၊ ဒါပေမဲ့ အခုဆော့ကစားတဲ့ အထဲမှာ ဝေမိုး ပဲပါပြီး ဇော်ဇော်က သူ့အဖေရဲ့ ကုမ္ပဏီရုံးကို ကိစ္စရှိလို့ ခဏဆိုပြီး ထွက် သွားသည် ။

ခြံထဲပြေးလာတဲ့ သူတို့ အုပ်စုက ငါးယောက်မို့ သုံးလေးယောက်သာ ထိုင်လို့ ရတဲ့ ဒန်းပေါ် အမရာက အစွန်နေရာပြေးဦးလိုက်ပါသည် ။

ဒန်းချထားသော မရန်းပင်ရိပ်ကြီးက ကျယ်ပြန့်အေးမြစိုစွတ်နေသဖြင့် အမရာ သဘောကျသည် ။

ဟိုဘက်ခြမ်းမှာ က အမြင့်တစ်ပေလောက်ရှိတဲ့ ဂျပန်မြက်ခင်း စိမ်း နုနုလေးလေးများ ရှိတဲ့ အကန့်။ အရှေ့အဝင်လမ်းမှာ ဘယ်ညာတစ် လျှောက် စဉ့်ပန်းအိုးကြီးတွေများ ချထားသည် ။

ပြောရမည်ဆိုလျှင် အားလုံးထဲမှာ စံထားက ချမ်းသာပြည့်စုံသလို ကံ လည်း ကောင်းသည် ။ ဒီခေတ်ဒီအခါမှာ နေရာကောင်းမှာ ခြံကျယ်ဝင်း ကျယ်နှင့် နေထိုင်ရဖို့ ဆိုတာမလွယ်။ ချမ်းသာပြည့်စုံ ပါတယ်ဆိုတဲ့ သူ ဌေးသူကြွယ်ကြီးတွေပင် ကိုယ့်ခြံနေရာကောင်းကို သံရုံးငှားကြ၊ ကုမ္ပဏီ ငှားကြ၊ နိုင်ငံခြားသားငှားကြနှင့် ကိုယ်ကတော့ တော်ရုံအသင့်အတင့်ရှိ တဲ့ နေရာပြောင်းရွှေ့ နေကြတာ မဟုတ်လား။

အခု စံထားတို့ က ရွှေတောင်ကြားမှာ ပေတစ်ရာပတ်လည်မကတဲ့ ခြံနဲ့ တိုက်ကြီးမှာ မိသားစု လေးယောက်ထဲ နေကြတာလေ။ ကျန်တာ က မာလီ၊ ဒရိုင်ဘာ၊ ထမင်းချက်နှင့် အိမ်ဖော် မိန်းကလေး တို့ ပဲရှိတာ။ မိသားစုလေးယောက်အတွက် အခြွေအရံက ငါးယောက်ရှိသည် ။ အား ကျ စရာပါပဲ။ စံထားက ထမင်းချက်စရာ၊ ဈေးသွားစရာမလို အိမ်အလု

ပ် ဘာမှ မကူညီရ။

အမရာဆိုရင် အိမ်မှာ ဖေဖေ့ကို ကူညီပြီး ဟင်းချက်ပေးရသည် ။ အိမ်သန့်ရှင်းရေး ရှင်းလင်းရေးတွေ လုပ်ပေးရသည် ။ ကျန်တဲ့ ပုံ့ပုံ့နဲ့ မယ်ငြိမ်းတို့ လည်း ဆင်းဆင်းရဲရဲထဲက မဟုတ်ပေမယ့် စံထားလောက်တော့ ဘယ်သူမှ မချမ်းသာတာအမှန်။

ထို့ကြောင့်လည်း စံထားတို့ အိမ်မှာ စိတ်ကြိုက်လာနေ၊ ခြံထဲဆော့ကစား၊ အလျှံပယ် စားသောက်၊ ဒီဗွီဒီခွေတွေ၊ တစ်ခွေပြီးတစ်ခွေကြည့်၊ ကွန်ပျူတာဂိမ်းတွေ တစ်ချိန်လုံးဆော့နှင့် သူတို့ အဖွဲ့ အမြူးကြီးမြူးကာ လာသောင်းကျန်နေရတာကို ကျေနပ်ပျော်ရွှင်နေမိသည် ။

ဒီနေ့ မြို့ထဲက သူတို့ အဖွဲ့ကရဲ့ 'မိုးပေါ်စံပျော်ရာ'ဓာတ်ပုံစတူဒီယိုလည်း ပိတ်ရက်ဖြစ်တယ်လေ။

မြို့လယ်ရဲ့ မြေညီတိုက်ခန်းဟာလည်း တကယ်တော့ စံထားတို့ ပိုင်တယ်။ သူမတို့ သာ စုပြီးငှားရမ်းမယ်ဆိုလျှင် နှစ်ချုပ်ငှားရမ်းခ နင့်နေအောင် ပေးရမှာ ။

အခုတော့ ဆိုင်နေရာအတွက် မပူရ။ ကျန်တဲ့ ကင်မရာဝယ်တာတို့ ၊ ကြော်ငြာတာတို့ ၊ ဆိုဒ်ဒက်ကိုရေးရှင်းလုပ်တာတို့ ပဲ အချိုးကျ ရှယ်ယာထည့်ကြရတာမို့ အလွန်အဆင်ပြေသည် ။

စံထားဟာ အားလုံးထဲမှာ ဘော့စ်မို့ ကားဆိုလျှင်လည်း သူ့အိမ်က (LAND CRUISER) ကားကြီးကပ်စီးရတာ။

အမရာတို့ ချည်းပဲဆိုရင် ထိုကားမျိုးစီးရဖို့ အဝေးကြီးပါ။ အမရာအဖေက ဌာနဆိုင်ရာ ဝန်ထမ်းမို့ ရုံးကပေးထားတဲ့ ကားပဲရှိသည် လေ။

ပြီးတော့ ဝေမိုးရဲ့ ပါပလစ်ကားကို သုံးလို့ ရသည် ။

မယ်ငြိမ်းနှင့် ပုံ့ပုံ့တို့ အိမ်မှာ ကားတစ်စီးစီရှိပေမယ့် မိသားစုပိုင်မို့ အားလုံးသုံးတော့ သူတို့ အမြဲယူထားလို့ မရဘူးလေ။

ဇော်ဇော့်အိမ်မှာ ပရီဆီ့ကား မီးခိုးရောင်လေးတစ်စီး ရှိပေမယ့် သူ့အစ်မ ဆရာဝန်မပဲ မောင်းပြီး ဇော်ဇော်က များ သောအားဖြင့် ရွှေညည့်သည် ပဲ စောင့်ပြီးစီးတာ တွေ့ရသည် ။

ပြောရမည်ဆိုလျှင် စံထားကျေးဇူးနှင့် ဘယ်သူမှ မကင်းဘူးပေ့ါလေ။

အဲဒီ ပန်းစံထားဆိုတဲ့ မိန်းမက တစ်ခုတော့ ပြောစရာရှိသည် ။ ပိုက်ဆံချမ်းသာ ပေမယ့် သူက ရုပ်မချော။

အသားညိုပြီး လူက ပုလုံးလုံးပုံထွက်သည် ။

ဆံပင်တိုတို၊ အသားညိုညို၊ မျက်နှာမှာ မျက်ခုံးမွေးကသိပ်မပေါက်ဘဲ မရှိသလောက် မို့ မျက်ခုံးမွေးအတု စိုက်ထားရသည် ။ မျက်လုံးက အနည်းငယ် မှေးကျဉ်းပြီး နှာတံကလည်း ပြားချပ်သည် ။ လည်ပင်းတုတ်တုတ်၊ ကုပ်တိုတိုနှင့် ကိုယ်လုံးက ခါးမရှိဘဲ တစ်ဖြောင့်တည်းလို ဖြစ်နေသည် ။ ဝတ်လိုက်လျှင်လည်း ရုပ်အင်္ကျီအပွနှင့် တီရှပ်အပွများ သာ။ ဘောင်းဘီရှည်တွေ၊ သရီးကွာတားပင်န်တွေတော့ ဝတ်သည် ။

သို့သော် တင်ပါးပြားပြားကြီးနှင့်မို့ ဘယ်လိုမှ အချိုးမကျ။ ကြည့်မကောင်းပေ။

သူ့အိမ်မှာ အားကစားလုပ်တဲ့ စက်ပစ္စည်းတွေ အစုံရှိသည် ။ ပြေးစက်တွေရော၊ ခါးလှည့် စက်ရော၊ စက်ဘီးနင်းသလိုနင်းရတဲ့ ဥစ္စာရော ခန်းမတောင် ဖွင့်ထားလို့ ရသည် ။ ပြီးတော့ သွေးလှည့်ပတ်မှုကောင်းတဲ့ ထိုင်ခုံဆိုတာကြီးကိုလည်း ဒေါ်လာနှင့် ပေးဝယ်ထားသေး၏။ သို့သော် သူမက စိတ်ပါရင်လုပ်ပြီး မပါရင်လည်း ပစ်ထားပြန်တော့ လူက ဒီပုံဒီပုံ

ကနေ တစ်နှစ်နေလို့ လည်း မပြောင်းလဲ၊ နှစ်နှစ်နေလို့ လည်း မပြောင်းလဲပေ။

စားတော့လည်း သူက အဆီအဆိမ့်တို့ ၊ ထောပတ်တို့ ၊ နို့တို့ ၊ ဒန်ပေါက်တို့လိုဟာတွေ ကြိုက်သေးသည် ။

အခုပင် ဒန်းပေါ်ထိုင်မလိုပြင်ပြီးမှ ....

"အကြိုင်ကြီးကို ထောပတ်သီးသွားဖျော်ခိုင်းဦးမယ်၊ ပြီးမှ ပြန်လာမယ်၊ ငါ ဒန်းမှာ ထိုင်မှာ နော်၊ ငါ့နေရာမဦးနဲ့ "

"အေးပါ ... အေးပါ"

ဒန်းက အခုမှ ချောင်သွားပါသည် ။ ဝေမိုးက မတ်တတ်ရပ်နေပြီး အမရာတို့ သုံးယောက်က ဒန်းပေါ်ထိုင်သည် ။

သူက ဆောင့်ပြီး တစ်ချက်လွှဲလိုက်တာမို့ ....

"ဟဲ့ ... ဝေမိုး မလွှဲနဲ့ ဟာ"

"လွှဲပေးချင်လို့ ပါ"

"မလွှဲပါနဲ့ ဆို"

"ဟား ... ဟာ... ဟာ"

ဒီကောင် ပြောမရသဖြင့် အစွန်မှာ ထိုင်တဲ့ အမရာမှာ လက်ကိုင်တန်းကို မြဲနေအောင် ဆုပ်ကိုင်ထားရ၏။

အသည်းအေးစရာတော့ ကောင်းပါရဲ့ ၊ ယောက်ျားလေးတစ်ယောက်ရဲ့ အားနဲ့ လွှဲတော့ ဒန်းလေးက လွင့်ခနဲ မြောက်တက်ပြီး ပြန်ကျတာက အရှိန်ပြင်းသည် ။

"တော်ပြီ ... ရပ်တော့"

"သြော် .... နင်တို့ ကလည်း ကွာ လွဲတဲ့ သူက စေတနာနဲ့ လွဲပေးတာပါ"

"ဘာစေတနာလဲ၊ အား ... တော်ပြီ"

သူက ရယ်မောကာ စ,ကာနှင့် လေးငါးချက်လွဲပြီးမှ ရပ်သည် ။

အရှိန်ဖြည်းသွားလျှင်....

"အမရာ"

"ဘာလဲ"

"ငါငယ်ငယ်က သရဲတွန်းခံရဖူးတဲ့ အကြောင်း သိချင်လား"

"မသိချင်ဘူး"

"မယုံပါဘူး .... နင် အမရာကိုပဲ ခြောက်လို့ ရမယ်၊ ငါတို့ ကတော့ ရိုးနေပြီ"

"အံ့မယ် ... ငါကလည်း ညကြီးသန်းခေါင်မှ ကြောက်တာပါ"

"ဒီလို နေ့လယ်ခင်းတော့ ဘာပြောပြော ကြိုက်သလိုပြော၊ ဝေမိုး၊ ပြန်ပြောရတယ်"

"ငါ ဆယ်နှစ်သားလောက်တုန်းကပေါ့ဟာ ... ငါတို့ ဘကြီးရဲ့ ငါးဧကလောက်ကျယ်တဲ့ ခြံကြီးကို သွားလည်တုန်းကပေါ့"

ဝေမိုး ဤသို့အစချီလျှင်ပင် ပုံ့ပုံ့က မျက်နှာလေးရှုံ့ပြီး "မဟုတ်ကဟုတ်ကက စပြီး ပြောပါ လိမ့်မယ်"ဟု အမြင်ကတ်သံနှင့်ဆိုသည် ။

ပုံ့ပုံ့သည် မျက်နှာသွယ်သွယ် နှုတ်ခမ်းပါးပါးနှင့် ဆံပင်ရှည်စင်းပျော့ပျော့လေးက ခါးလောက်ထိ ရှည်သည် ။ အရပ်က ငါးပေသိပ်မပြည့်ချင်

။ လူက ဖြူဖြူသွယ်သွယ် သေးညှက်ညှက်ကလေး ဖြစ်သည် ။ သူ့ကိုတွေ့ရင် ကျောပြည့်နေတဲ့ ဆံပင်ကိုပဲ အရင်ဆုံးတွေ့ရသည် ။

ဘယ်လိုပဲပြောပြော သူ့အရပ်၊ သူ့အသားအရေ၊ သူ့ဆံပင်စင်းစင်းလေးနှင့် ကြည့်လိုက်လျှင် လှနေတာပါပဲ။ သူ့ကိုသူ No အဖွဲ့က သဇင်လိုလို၊ ချစ်သုဝေလိုလိုလည်း စတိုင်တွေ မလိုင်တွေ ဖမ်းတတ်ပါသေးသည် ။ လူပုံကမတူအောင် အမူအရာလေးတွေတူအောင် အတုခိုးတတ်သဖြင့် ဒီကောင် ပုံ့ပုံ့ရဲ့ ဟန်ပန်လေးတွေက မဆိုး။

"နေပါဦးပုံ့ရယ် ... သူဘာပြောမလဲ စောင့်ကြည့်ပါဦး"

အသားညိုစိမ့်စိမ့်နှင့် နားသယ်စပ်လေးတွေ၊ နှုတ်ခမ်းအထက်လေးတွေမှာ မွေးညင်း နုနု ယှက်သန်းနေသော မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း အကုန်လှပအချိုးကျပြီး ကြည့်လိုက်လျှင် ဆွဲဆောင်မှုရှိသော မျက်နှာချိုအေးအေးလေးနှင့် မယ်ငြိမ်းဟာ နာမည်နှင့်လိုက်အောင် မိန်းမဆန်ဆန် အေးအေးချမ်းချမ်းလေး သိမ်သိမ်မွေ့မွေ့လေး နေထိုင်ပြောဆိုလှုပ်ရှားတတ်သည် ။ သူ့အသံက တမင် လုပ်ပြီး လေ့ကျင့်ထားသလို ငြင်သာပျော့ပျောင်းတိုးတိတ်သည် ။ 'နော်'ဆိုတာလေးတွေ စကားထဲမကြာခဏထည့်ပြီး လူတစ်ဖက်သား နားဝင်စိမ့်အောင် ဖမ်းစားတဲ့ စကားသံမျိုးလေးကို ပိုင်ဆိုင် သည် ။

အရပ်က ငါးပေရှစ်လက်မလောက်ရှိပြီး သွယ်လျသော ကိုယ်လုံးဖြောင့်ဖြောင့်လေး နှင့်မို့ ဒီလေးယောက်ထဲ သူမကလည်း ရေပန်းစားသူပါ။

ကောင်လေးတွေ အကြည့်က ကောက်ကြောင်းလှသော မယ်ငြိမ်းနောက်ပိုင်းလေးဆီ စူးစူးစိုက်စိုက် သတိလက်လွတ် ရောက်သွားတတ်သည် ။

ဗိုလ်ချုပ်ဈေးတို့ ၊ စူပါမားကက်တို့ မှာ လေးယောက်သား ရင်ပေါင်တန်း လျှောက်မိပြီ လားဆိုရင် နောက်နားကပ်ပါလာတဲ့ ကောင်းကလေးတွေ မယ်ငြိမ်းဆီ ငေးနေပြီလားဆိုရင် အုပ်စုထဲ ခပ်စွာစွာလုပ်တတ်တဲ့ စံထားက နောက်ဖက်သို့ မျက်နှာထားတင်းတင်းနှင့် ဆတ်ခနဲ လှည့်ကြည့် ပြီးလျှင် ....

"ဟဲ့ .. မယ်ငြိမ်း နောက်မှာ ပါလာတယ်နော်၊ သတိထား"ဟု ဆိုတတ်တာမို့ အမရာတို့ မှာ ကြိတ်ကြိတ်ရယ်ရတာအမောပါ။

အဲဒီစံထားတစ်ယောက်က ပြောလိုက်ပြီဆိုလျှင် ပိဿလေးနှင့် ဘေးပစ်ဆိုသလိုပါပဲ။ သူ့ပါးစပ်ကို အတော်ကြောက်ရသည် ။

အမရာတို့ လေးယောက် အတူတူ တစ်နေရာသွားလို့ ကတော့ သူကကာကွယ်ပြီး သားပင်။

"စံထားနား နေရင်တော့ ဒီတစ်သက် ရည်းစားရဖို့ မမြင်ဘူးဟေ့"

"ဟုတ်တယ်၊ သူမပါတဲ့ လမ်းလေးလည်း ထွက်ဦးမှ "

"သူ့ဟင်းန်ဖုန်းတော့ ယောင်လို့ မှ သွားမပေးနဲ့ နော်" စသဖြင့် သုံးယောက်သား လူလစ်တဲ့ အချိန် အတင်းအုပ်ရသေး၏။

အမရာတို့ ကျန်တဲ့ သုံးဦးမှာ က အိမ်ဖုန်းတွေ၊ လူကြီးတွေရဲ့ ဟင်းန်ဖုန်းတွေ ရှိပေမယ့် ကိုယ်ပိုင်လက်ကိုင်ဖုန်းတော့ မရှိကြပါ။ အိမ်ကထုတ်ပေးတဲ့ ပိုက်ဆံကိုလည်း စတူဒီယိုဖွင့်ဖို့ ထည့်လိုက်ရတော့ လက်ထဲမှာ ပြောင်ပြီ။

ဒီတော့ စံထားဖုန်းလေးကိုပဲ ဟန်ပါပါ ယူပြောရသည် ။ သူ့ရဲ့ နို့နှစ်ရောင် ဖုန်းလှလှလေးက နိုင်ငံခြားက ပို့ပေးထားတာ။ လူကသာ မလှပေမယ့် ဖုန်းကတော့ အမိုက်စား။ အမရာတို့ က စံထားဖုန်းကို ယူပြီး ဂိ

မ်းဆော့ကြ၊ မက်ဆေ့ချ်ပို့ကြနှင့် အတော်ကြီးအသုံးတည့်ပေမယ့် အရေးကြီး လှတဲ့ ရည်းစားကိစ္စမှာ တော့ သုံးလို့ ရဖို့ မမြင်ပါ။

စံထားနှင့်သာ တွေ့သွားလို့ ကတော့ ပွဲက တစ်ချီတည်းနှင့် ပြတ်သွားမှာ လေ။

သူက သူလည်း ရည်းစားမထား၊ သူများ တွေကိုလည်း မထားစေချင် ။ အမြဲကာကွယ် ပိတ်ဆို့ ထားသည် ။

ဘော်ဒါထဲက ဝေမိုးနှင့် ဇော်ကိုကျတော့ တရင်းတနှီး ခင်မင်နေ တော့ မရိုးမသား သရိုးသရီ လေးပင် မဖြစ်မိပါ။

ကျောင်းတက်ကတည်းက ကျောင်းလခသွင်းခိုင်း၊ မုန့်ဝယ်ခိုင်း၊ ဟိုဒီ လိုက်ပို့ခိုင်း၊ စာကူး ခိုင်း၊ ဓာတ်ပုံရိုက်ခိုင်းစသဖြင့် သူတို့ ကို ခိုင်းဖက်လို လို လုပ်ထားသဖြင့် အထင်က တယ်မကြီး ချင်ပေ။

"နားမထောင်ချင်လည်း နေကွာ ... အမရာ ငါ ညကျမှ နင့်ဆီဖုန်းဆ က်ပြောပြမယ်၊ ဘယ်လိုလဲ"

"အို.... ညကြီးမင်းကြီးမှ တော့ လာမပြောနဲ့ ၊ တစ်ရေးနိုးရင် ငါမထ ရဲဘဲနေမယ်"

"ဟား ... ဟား သရဲအကြောင်းဆိုတာ ညဘက်တိတ်ဆိတ်နေတုန်းပြောမှ အရသာရှိ တာဟ"

"ဝေမိုးနော်"

ဒီကောင်က အသံတုလည်း လုပ်တတ်သည် ။ ညဘက်သန်းခေါင်း ကျော် နှစ်ချက်တီး လောက်မှ ဖုန်းခေါ်ကာ သရဲလိုအသံမျိုးပေးလျက် ခြောက်တတ်လှန့်တတ်တဲ့ လူလေ။

"ဟီး ... ဟီး ... ဟီ"ဆိုတဲ့ လုပ်ရယ်လိုက်တဲ့ အသံဟာ ကြားရတဲ့ အမရာအတွက်တော့ ကျောထဲစိမ့်ခနဲ ကြက်သီးထသွားစေသည် ။

သူမှန်းသိလျှင် အမရာက ရန်တွေ့လို့ မဆုံးတော့။ ဒီအခါမှာ ဝေမိုးက နားမထောင်ဘဲ ဖုန်းချလိုက်သည် ။

အဲလို စ,တတ်၊ နောက်တတ် အပြောင်အပျက် ဗလွတ်ရွတ်တ လုပ်တတ်လွန်းလို့ သင်းတို့ ကို မျက်မုန်းကျိုးရပေမယ့် သင်းတို့ ပြောတဲ့ တစ္ဆေသရဲဇာတ်လမ်းများကတော့ ညည်းထိတ်ရင်ဖို ထိတ်လန့်ချောက်ချားစရာ ကောင်းနေရာ နားမထောင်ဘဲလည်း မနေနိုင်ပြန်။

အမရာသည် ဤလောက၌ သာမန်မျက်စိဖြင့် မမြင်နိုင်သော အရာတချို့ရှိနေသည် ဟု ယုံကြည်မိလျက် ထိုမမြင်ရသော ပရလောကကို အလွန်စိတ်ဝင်စားမိသည် ။

"အေး .... အဲဒါကောင်းတယ်၊ အမရာတစ်ယောက်တည်း နင်ဖြီးသမျှ နားထောင် ပစေ၊ ငါတို့ တော့ နားညည်းတယ်၊ နင့်ရဲ့ မဟုတ်တရုတ် ဇာတ်လမ်းထက် MP3 နားထောင် နေလိုက်မှာ ပေ့ါနော် မယ်ငြိမ်းရယ်"

"အင်း ... ဟင်း ... ဟင်း"

မယ်ငြိမ်းက သူ့ထုံးစံအတိုင်း ရယ်သံချိုလေးနှင့်ခေါင်းညိတ်သည် ။

"ဟိတ် .... ဘာတွေရယ်နေကြတာလဲ၊ ငါ့လည်း ပြန်ပြောပြ"

စံထားက ဒန်းအနားသို့ ပြန်ပြေးလာသည် ။ သူ့နေရာပျောက်သွားသဖြင့် အလျှော့မပေးဘဲ အမေရာတို့ အပေါ် သူ့ကိုယ်လုံးနှင့်လာဖိထိုင်၏။

"အား ... သေပါပြီ၊ ဖြည်းဖြည်းထိုင်ပါ၊ ဆင်မယဉ်သာရဲ့ "

ကွယ်ရာမှာ စံထားကို သူတို့ က 'ဆင်မ'ဟု ခေါ်တာ။ ရှေ့တင်မှာ

တော့ 'ဆင်မယဉ်သာ' ဟု သက်သက်ညှာညှာ ဖြည့်ပြောရသည် ။ မကောင်းဘူးလေ ... သူ့အိမ်မှာ ရွှေမင်းသမီးတွေလို ပြည့်ပြည့် စုံစုံလေး သုံးဖြုန်းနေတာမဟုတ်လား။

"နင်တို့ မှ ငါ့နေရာ ချန်မထားတာ"

"ဒီမှာ ငါတို့ သုံးယောက်နဲ့ နင့်တစ်ယောက်စာက အတူတူလောက်ဖြစ်နေပြီ၊ ကြည့်ဦး"

"အောင်မယ် .... အပိုမပြောပါနဲ့ နော်၊ ငါ့ဝိတ်က တစ်ရာ့ငါးဆယ်ထဲပါ၊ နင်တို့ လည်း တစ်ရာပျော့ပျော့ရှိတာပဲ၊ မယ်ငြိမ်းဆို တစ်ရာ့ဆယ်နှစ်၊ ကဲ ... ငါနဲ့ ဘာများကွာလို့ လဲ၊ နှစ်ယောက်စာ လို့ ပြန်ပြောနေရအောင် ငါက ပေါင်နှစ်ရာမို့လို့ လား၊ သုံးယောက်စာဆို ပေါင်သုံးရာ ဖြစ်နေမှာ ပေ့ါဟ့၊ ဘယ်ကျောင်းက သင်္ချာသင်ပေးလိုက်တာလဲ၊ ဒါလေးတောင် မတွက်တတ်ဘူး၊ ဟွန်း"

"ဒါက ကိုယ်လုံးကိုကြည့်ပြီး သဘောပြောတာပဲ"

"အားအားရှိ ငါ့ကိုယ်လုံးပဲ လာခလုတ်တိုက်နေကြတာပဲ၊ နင်တို့ နဲ့ ပေါင်းလို့ ငါက ပိုဝနေတာသိလား၊ ပွင့်လို ဘော်ဒီနဲ့ သာပေါင်းရင် ငါက စလင်းဖြစ်ပွားမှာ "

"ဟုတ်ပ့ါ"

"ဘာဟုတ်ပ့ါလဲ"

"ထောက်ခံတော့လည်း တစ်မျိုး"

"မထောက်ခံနဲ့ ၊ ဟော .... ထောပတ်သီးဖျော်ရည် လာပြီ၊ ဘတ်တာကိတ်လည်း ပါတယ်"

"ငါတို့ ကို နှိပ်စက်နေပြီ ပုံ့ပုံ့ရေ၊ ထောပတ်သီးနဲ့ ကိတ်တဲ့ "

"အေးလေ ... သူ့အိမ်မှာ နှစ်ရက်လောက် နေလိုက်ရင် နှစ်ပေါင် လောက်ကို တက်သွားတာ"

"ဘယ်ကလာ .... ထမင်းတစ်နပ်မှာ တစ်ပေါင်တိုးလာတာ"

"ဒါဆိုလည်း မစားကြနဲ့ ပေါ့ဟာ၊ အငတ်နေကြ"

ပါးစပ်က ဘယ်လိုငြင်းငြင်း မကြိုင်ကြီး ဖျော်လာတဲ့ ထောပတ်သီး ဖန်ခွက် ငါးခွက်ကို အသီးသီးကောက်မော့ကြတာပါပဲ။ ကိတ်ကိုလည်း ပလုတ်ပလောင်း စားပစ်လိုက်သည်။

"ဒိုးနတ်မုန့်တွေ ဘာတွေရှိသေးလဲ၊ သွားယူ"

"ဝေမိုးရယ်...နင်က ပိန်တယ်ဆိုပြီး သောင်းကျန်းမနေနဲ့ ၊ ညနေကြေးအိုး သွားသောက်ရင် ဗိုက်မဆံ့ဘဲနေမယ်"

"ရပါတယ်"

"ရရင်တော့ သွားယူစား၊ ငါတော့ ဒီကထလို့ မဖြစ်ဘူး"

"ဘာလို့ လဲ"

"ငါ့နေရာ သူတို့ ဦးလိုက်မှာ ပေါ့"

"စိတ်မပူနဲ့ ၊ ငါကြည့်ထားမယ်"

"အမယ်လေး ... နင်တောင် အခုမတ်တတ်မို့လား"

"ထိုင်ခုံတွေမှ ပုံလို့ ၊ ငါ့ဘာသာ မထိုင်ချင်လို့ ရပ်နေတာဟ"

"နင်က မိန့်ခွန်းပြောလို့ ရပ်နေတာပေါ့လေ၊ သူတို့ ကို နင်ဘာတွေ ဖောလုပ်နေတာလဲ"

"သရဲခြောက်ခံရတဲ့ အကြောင်းပါဟာ၊ ဘာမှ မဟုတ်ပါဘူး"

"ဟဲ့ သရဲခြောက်တာ ဘာမှ မဟုတ်ဘူး လား၊ ပြောစမ်းပါဦး၊ ဘယ်တုန်းက အတွေ့အကြုံလဲ"

"နင်တို့ ကိုပြောရင် အရသာပျက်တယ်၊ ညသန်းခေါင်းမှ အမရာ့ကိုပြောမှာ "

"ဟိ ... ဟိ"

စံထားက ပခုံးကိုလှုပ်ပြီး တဟီဟီရယ်လိုက်သည် ။ ညသန်းခေါင်မှ ပြောမယ်ဆိုလို့ ရည်းစား စကားတော့ မထင်လေနဲ့ ။

"မရဘူးနော် ... ဝေမိုး၊ ငါ ဖုန်းမကိုင်ဘူး"

"အခု သူတို့ က ငါ့အခန်းထဲ အကုန်လာစုအိပ်တာ၊ အိပ်ရေးပျက်အောင် ဖုန်းနဲ့ နှိုးလို့ ကတော့ နောက်နေ့ နင် ကျောကုန်းကို သားရေပြားအုပ်ခဲ့ပေတော့"

စံထားက လူကဟဲဗီးဖြစ်သလို လက်သံလည်း အရမ်းပြောင်သည် ။ သူမို့ ကျောကို ဘုန်းခနဲ ထုပြီဆို မသက်သာ။

"ဘာဆိုင်လဲ ... ငါ အမရာ့ပဲနှိုးမှာ "

"မနှိုးနဲ့ ... ငါတို့ ပါ နားညည်းမယ်"

"သူကော့လက်စ်နဲ့ ဝရန်တာထွက်ပြောမှာ ပေ့ါ"

"ဩော် ... မပြောပါဘူးဆို"

အမရာ ငြင်းသည် ။

"တွေ့လား ... ကောင်မလေးက လက်မခံဘူး"

စံထားအပြောကြောင့် အကုန်ဝိုင်းရယ်ကြသည် ။ အမရာသည် ဝေမိုးကို မကျေမချမ်း မျက်စောင်းရွယ်ရင်း ...

"နင်ပြောရင် ဒီမှာ ပဲပြောနော်"

"ဟော ... ကောင်မလေးက ဖွင့်ပြောခိုင်းနေပြီ"

"စံထား ဆင်မ"

အမရာက စံထားကိုယ်လုံးကို အတင်းတွန်းဖယ်၏။

သူတို့ သည် ကျောင်းတွေပြီးလို့ အလုပ်ခွင်ထဲ ရောက်စပြုနေပေမယ့် အရင်တုန်း ကလိုပဲ ကလေးဆန်ဆန် လွတ်လွတ်လပ်လပ် ငြင်းခုန်ကြ၊ စကားနိုင်လုကြ၊ ပျော်ရွှင်ဆူညံနေ ကြပါပဲ။

ဓာတ်ပုံစတူဒီယိုထဲ ရောက်မှ သာ လူကြီးကို ဣန္ဒြေဆည်ပြီး ခပ်တည်တည်နေတာ ဖြစ်သည် ။

ကျန်တဲ့ အချိန်များ ဆိုရင်တော့ သူတို့ အုပ်စု ပြောင်းဆန်အောင် ဆူညံအော်ဟစ် သောင်းကျန်း နေကြပါ။

ထိုအုပ်စုထဲ အမရာက ကြောက်တတ်တော့ ပိုပြီးစ,စရာဖြစ်နေသည် ။

အမရာသည် ငယ်ငယ်ကတည်းက ဘယ်တော့မှ အိမ်မှာ တစ်ယောက်တည်း မနေရဲ။

မတော်တဆ အကြောင်းတစ်ခုခုကြောင့် အိမ်စောင့်ကျန်ခဲ့ပြီဆိုရင် သူမက အိမ်တံခါး ပိတ်ပြီး လမ်းပေါ်ထွက်နေလိုက်သည် ။

ညဖက်တစ်ရေးနိုးရင် တတ်နိုင်သမျှ အိပ်ရာပေါ်ကမဆင်း။ အပေါ့သွားချင်ရင်တောင် အောင့်ထားတတ်သည် ။ မရတော့ဘူး ဆိုရင်တော့

အိမ်က တစ်ယောက်ယောက်ကို နှိုးပြီသာမှတ်။

ပြီးတော့ အိမ်သာတံခါးနှင့် ရေချိုးခန်းတံခါးကို ဘယ်တော့မှ ချက်မချ။ စေ့ရုံပဲ စေ့ထားပြီး အပြင်ကတစ်ယောက်ကို စောင့်ပေးခိုင်းတတ်သည် ။ ထို့ကြောင့် သူမတစ်ဦးတည်း ဘယ်နေရာမှ အလုပ်မဖြစ်ချေ။

အမရာ အဲလိုကြောက်တတ်တာကိုလည်း သူငယ်ချင်းတွေက အကုန်သိသည် ။ ကျောင်းတက် နေကတည်းက အမရာ့ ကျောပိုးအိတ်ထဲ ပိုးဟပ်တို့ ပင်ကူတို့ ခိုးထည့်နေကျ။ အမရာက အကောင်ဗလောင်ဆိုလည်း အသည်းယားတတ်သည် ။ 'တီကောင်'မြင်ရင်ခုန်ဆွခုန်ဆွ ဖြစ်နေသည် ။ ကြွက် ဆိုရင်တော့ ပြောမနေနှင့် အသေကြောက်။

"ကဲပါ ဝေမိုးရယ်၊ ကောင်မလေးကိုယ်တိုင်က ဖွင့်ပြောခိုင်းနေမှတော့ ရဲရဲခွေတော့၊ ရပြီ"

"ကြည့်စမ်း ... ဆင်မ ငါ ဒီလောက်လိမ်ဆွဲနေတဲ့ ကြားက ကဲဟယ်"

စံထားရဲ့ လက်မောင်းသားအိအိကြီးကို အမရာက တကယ်ဆွဲလိမ်နေတာမို့ စံထားက တွန့်လိမ်အောင် ရုန်းကန်ရင်း ရယ်မောနေသည် ။

ဝေမိုးက ပြုံးလျက်သာ အမရာကို ကြည့်နေမိသည် ။

ဒီမိန်းကလေး လေးယောက်ထဲမှာ အမရာ့ပုံစံလေးက အနူးညံ့ဆုံး၊ ကြင်နာချင်စရာ အကောင်းဆုံးပါ။

အဖျားခွေထားသော တူးစတက်ဆံပင်ပုံလေးက သူမမျက်နှာ ဘဲဥပုံလေးနှင့် အလွန် လိုက်ဖက်သည် ။ မျက်နှာက ကြည်လင်အေးချမ်းပြီး အလင်းဓာတ်တစ်မျိုးရှိနေသည် ။ အသားက ဖြူနုပြီး ပန်းနုသွေးလေးပင် ပြေးနေတာ။ လက်ဖြာဝိုင်းစက်ပြီး ရှွန်းနက်နေတဲ့ မျက်ဝန်းလေးက

တစ်ချက်လောက် မျက်လွှာပင့်ကြည့်လိုက်တာနှင့် တော်ရုံကောင် မခံနိုင်ဘူးဆိုတာ ဝေမိုးလောင်း ရဲသည် ။

မပြင်းရှဘဲ ညှို့ယူဖြားယောင်းနိုင်တဲ့ မျက်လုံးလေးပါ။

နှုတ်ခမ်းက ပန်းနုရောင် နှင်းဆီအငုံအဖူးလေးနှင့် တူပါသည် ။ အလယ်ကောင်မှာ ဖုဖုလေးဖြစ်နေသေးတာက တစ်မျိုးဆန်းသည် ။

စူထားတဲ့ အခါ အဲဒီနှုတ်ခမ်းလေးက ကလေးပေါက်စနှင့်တူသည် ။ ဘယ်လိုပဲ ကြည့်ကြည့် အပြစ်ကင်းသော ချစ်စဖွယ်မျက်နှာလေးပါ။

ပြီးတော့ လည်တိုင်နုနုစင်းစင်း။ သူမလည်တိုင်က ဖယောင်းတိုင်လေးကို ရှည်မျှောလုံးဝန်း နေတာ။

"လည်တိုင်ကြော့ကြော့မော့ကာ"ဆိုတဲ့ သီချင်းစာသားက သူမလို မိန်းကလေးမျိုးကို ကြည့်ပြီး ပေါ်ပေါက်လာတာဖြစ်မည်။

တခြားကောင်မလေးတွေထက်ကို လည်တိုင်လေးက စွဲမက်ဖွယ်ကောင်းအောင် ထူးခြား နေသည် ။

အဲဒီကနေ မရဲတရဲ ဆက်ကြည့်တော့ ရင်ညွှန့်ဝင်ဝင်းလေး ပခုံးသားမွတ်မွတ်လေး၊ ကုပ်ပိုး နှင့် အချိုးကျပြေပြစ်တဲ့ ကျောပြင်လေး။

ကြိုးတစ်ချောင်း ဂါဝန်ပျော့ပျော့လေးက သူမအသားအရေနှင့် အင်မတန် လိုက်ဖက်သည် ။ ဂါဝန်လေးက ကျောဟိုက်လည်ဟိုက်ဆိုပေမယ့် မပေါ်သင့်တဲ့ နေရာ မပေါ်ဘဲ သူမကိုယ်မှာ အံဝင်ခွင်ကျ အပိုအလိုမရှိ အနေတော်လေး ကြည့်ကောင်းလှပပြီး ဆွဲဆောင်မှုရှိသည် ။

အင်းလေ ... ဘာကိုပဲ ဝတ်ထားပါစေ တခြားသော မိန်းကလေးတို့ထက် ညှို့ယူဖမ်း စားနိုင်တာက အသေအချာပါ။

စံထားနှင့် ယှဉ်ထိုင်နေသောအခါ သူမက ပန်းပုရုပ်ကလေးအလား ပိုထင်ရှား ဝင့်ကြွားနေပါသည် ။

ဝေမိုးရဲ့ အကြည့်က ခပ်ကြာကြာလေး စိုက်တန့်ပျော်ဝင်နေတာကို ပုံ့ပုံ့ အကဲခတ် မိသည် ။

အမရာကတော့ ဘာမှ သတိထားမိပုံ မပေါ်ပါ။

စံထားကိုပဲ ဖိဆိတ်ကာ ဆိတ်ကာနှင့် အံလေးကြိတ်ပြီး နှိပ်ကွပ်နေတာ။ ချိုမြိန်နူးညံ့ကာ ပျော့ပျောင်းစိုရီနေသော ဝေမိုး အကြည့်တွေကို ဘေးကနေ ပုံ့ပုံ့ အတော်မလိုတမာ ဖြစ်မိသည် ။

အမရာက ထူးခြားပေါ်လွင်တာ၊ အတော်ကြီး လှပချောမောတာက လည်း အမှန်ပါ။

မယ်ငြိမ်းလို ခါးကလေး တင်ကလေး ကောက်ကြောင်း ပေါ်နေတာမျိုးလည်း မဟုတ်ဘဲ သူမဘော်ဒီလေးက စင်းလုံးချော၊ အပို အလိုမရှိ ပြေပြစ်သွယ်လျနေတာ။ ဘာမှ အားကစား လုပ်တာလည်း မဟုတ်။ အမေမွေးကတည်းက ပန်းပုရုပ်ဝင်စားသလို တစ်ယောက် ယောက်က အစွမ်းပြပြီး အချောသတ် အရောင်တင်ထားသလို ပင်ကိုလေးက ပင် ပြီးပြည့်စုံအောင် ပြောစရာ တစ်ကွက် ရှာမတွေ့အောင် အဆင်ပြေကြည့်ကောင်း အချိုးကျနေတာမျိုးဖြစ်သည် ။ ရုပ်အဆင်းနှင့် ပတ်သက်လျှင် အင်မတန် ပါရမီထူးသူလေးပါ။

စံထားကဆို...

"အမရာရယ် ... နင့်ကျတော့လည်း ဘုရားပေးတဲ့ ရုပ်ကိုက ဒီလောက်ထိ ပြီးပြည့်စုံ တယ်နော်၊ အရင်ဘဝတွေက ဘုရားမှာ ပန်းပွင့်လှလှ လေးတွေ နေ့တိုင်းလှူခဲ့လို့ ဖြစ်မယ်လို့ ငါ့အမေက ပြောတယ်သိလား"

ဟု အမရာ့အသားလေးတွေကို ပွတ်သပ်ရင်း အားကျချီးမွမ်းတတ် သည် ။

"ဒါဆို နင်ကတော့ အလှူပေးလို့ သူဌေးဖြစ်ခဲ့တာပေါ့နော်"ဟု အမရာက ပြန်နောက်သည် ။

"ဒါဆို ပုံ့ပုံ့ကျတော့ စိတ်ပုပ်လို့ အရပ်ပုတာ ဖြစ်မှာ ပေါ့"ဟု အရပ်ရှည်တဲ့ မယ်ငြိမ်းက ဝင်ထောက်လိုက်သေးသည် ။

အခုလည်း ဝေမိုး ငေးနေတာ ယောကျ်ားလေးမို့ လှပတဲ့ မိန်းကလေးတစ်ဦးကို နီးနီးကပ်ကပ် ခံစားနေတာ အပြစ်မဟုတ်ပါဘူး။

ဒါပေမဲ့ စိတ်ထဲက ဘာကြောင့်မှန်းမသိ ဝမ်းနည်းသလို အားငယ်သလိုလို ဖြစ်မိ သည် ။

ပုံ့ပုံ့လည်း သူ့ဘာသာ တစ်ယောက်တည်းကြည့်ရင် မိန်းမချောလေးပါပဲ။ ဒါပေမဲ့ အမရာ နှင့်တော့ ယှဉ်တွဲမကြည့်နှင့်ပေါ့။

ပုံ့ပုံ့က ဒန်းပေါ်က ဖျတ်ခနဲ ဆင်းလိုက်သည် ။ ကျပ်နေလို့ ဆင်းတာမဟုတ်။ စိတ်ရှုပ်ရင်နာ ရလို့ ပါ။

"ဘယ်လဲ"

မယ်ငြိမ်းက မေးသည် ။

ပုံ့ပုံ့က အိမ်ဘက်ပြန်လျှောက်သွားတာမို့ ...

"ဟဲ့ ... ဝေမိုးပြောတဲ့ ဇာတ်လမ်း နားမထောင်ဘူးလား"

"သူ့အသံများ မကြားချင်ပါဘူး၊ ဟွန်း ..."

ပုံ့ပုံ့က ပြန်လှည့်ပြီး အော်ပြောသွား၏။

ဝေမိုးက ဆံပင်ရှည်စင်းစင်းလေး တယမ်းယမ်းဖြင့်

ခြေဆောင့်လျှောက်သွားသော ပုံ့ပုံ့ကို ရယ်ချင်စွာ လှမ်းကြည့်နေမိသည် ။

ဒီကောင်မလေး ဘာလဲကွာ .... ။

******